# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 2, 2019 Volume 15, Number 1


၂.၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၈/ကျပ် |
| CBM Rate | = ၁၅၄၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၇၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၃.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၀.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၈.၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၇၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၆၀ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၆၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၉၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၆၈ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံရှိ စက်ရုံ ၂၃ ရုံမှ ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများ အီးယူဈေးကွက်သို့ တိုးမြှင့်တင်ပို့ခွင့်ရရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ငါး/ပုစွန် ရေထွက်ပစ္စည်းများအား အီးယူနိုင်ငံများ အပါအဝင် နိုင်ငံတကာသို့တင်ပို့ရာ၌ တင်သွင်းသည့်နိုင်ငံများ၏ စံချိန်စံညွှန်း လိုအပ်ချက်များနှင့်အညီ အရည်အသွေးအာမခံနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူရေး ထွက်ကုန်များအား ဒီဇင်ဘာ ၁ ရက်မှစတင်၍ အီးယူနိုင်ငံများသို့ တရားဝင် တင်ပို့ခွင့်ရရှိခဲ့ပြီးဖြစ်သည်။

၂၀၀၉ ခုနှစ်မှစတင်၍ အီးယူမှပြဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ရေးစက်ရုံ ၂၁ ရုံမှ ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများကို အီးယူဈေးကွက်သို့ တရားဝင်တင်ပို့လျက်ရှိသည်။ ဆက်လက်၍ အခြား ငါး၊ ပုစွန်ပြုပြင်စက်ရုံများမှလည်း အီးယူဈေးကွက်သို့ တင်ပို့ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ TT Cold Store စက်ရုံနှင့် A & N Foods (Myanmar) Co.,Ltd စက်ရုံတို့၏ လျှောက်ထားချက်များကို ငါးလုပ်ငန်းဦးစီးဌာနမှ အီးယူ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိစိစစ်ခဲ့ပြီး အောက်တိုဘာ ၂၀ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ အီးယူကော်မရှင်ရုံးသို့ ထောက်ခံချက်ပေးပို့ခဲ့သည်။

EU Website (http://webgate.ec.europa.eu/s…/traces/output/non-eu-listsPer Country-en.htm#) ၏ ဖော်ပြချက်အရ TT Cold Store စက်ရုံနှင့် A & N Foods (Myanmar) Co.,Ltd စက်ရုံတို့မှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများကို ဒီဇင်ဘာတတိယပတ်မှစ၍ အီးယူဈေးကွက်သို့ တင်ပို့ခွင့်ပြုခဲ့သည့်အတွက် အဆိုပါစက်ရုံနှစ်ရုံအပါအဝင် လက်ရှိတွင် မြန်မာနိုင်ငံရှိ စက်ရုံ ၂၃ ရုံမှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများကို အီးယူဈေးကွက်သို့ တိုးမြှင့်တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MOIWebportalMyanmar/

## ကမ္ဘာ့အကြီးဆုံးကုန်စည်ပြပွဲတွေမှာ မြန်မာ့ထုတ်ကုန်တွေပါဝင်ဖို့ နယ်သာလန်အခြေစိုက် အဖွဲ့က ကူညီပေးမယ်

နယ်သာလန်နိုင်ငံအခြေစိုက် Center for the Promotion of Import from Developing Countries(CBI) အဖွဲ့အစည်း က အီးယူ ၂၈ နိုင်ငံကို မြန်မာနိုင်ငံက တင်ပို့နိုင်ဖို့ ပရိုဂရမ်မှာ လျှောက်ထား တဲ့ကုမ္ပဏီတွေထဲက ရွေးချယ်ပြီးတော့ အီးယူမားကက်ကို လေ့လာနိုင်ဖို့အတွက် မားကက်နဲ့ မိတ်ဆက်ခြင်းအစီအစဉ်ကို CBI က စရိတ်ကုန်ကျခံပြီး ခေါ်သွားမယ်လို့ နယ်သာလန်နိုင်ငံအခြေစိုက် Center for the Promotion of Imports from Developing Countries (CBI) အဖွဲ့အစည်းကသိရပါတယ်။

အဲသည်မားကက်မိတ်ဆက်ခြင်းကို ခေါ်ယူသွားတဲ့အခါမှာ ကမ္ဘာ့အကြီးဆုံး ကုန်စည်ပြပွဲတွေကို ပြသမှာဖြစ်ပြီး အီးယူမားကက်ရဲ့လိုအပ်ချက်တွေကို လေ့လာနိုင်ကာ အီးယူက ဘယ်လိုပစ္စည်းမျိုးဆိုရင် ဘယ်လိုကွာလတီမျိုး အရည်အသွေးမျိုးတွေကိုမျှော်လင့်တယ်၊ ထုတ်နိုင်အား ဘယ်လောက်ဖြစ်ရမယ်ဆိုတာတွေကို ဆွေးနွေးသွားမယ်လို့သိရပါတယ်။ ပြီးလို့ပြန်လာရင် ကုမ္ပဏီတစ်ခုချင်းစီရဲ့ လိုအပ်ချက်တွေကို လမ်းညွှန်သင်ပြမှုတွေနဲ့ သင်တန်းတွေပေးသွားမှာဖြစ်တယ်လို့သိရပါတယ်။ ကြိမ်ဝါးထုတ်တဲ့ကုမ္ပဏီဆိုရင် ဒီဟာနဲ့ပတ်သက်တဲ့နည်းပညာဆိုင်ရာ ကျွမ်းကျင်သူကလာမယ်၊ ပြီးရင် အီးယူမားကက်က လိုအပ်တဲ့၊ ကြိုက်နှစ်သက်တာနဲ့ကိုက်ညီအောင် ဘယ်လိုထုတ်မယ်၊ ဘယ်လိုမျိုးဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုတာတွေကို သင်ကြားပေးမှာ ဖြစ်ပါတယ်လ ိ ု့နယ်သာလန်နိုင်ငံအခြေစိုက် Center for the Promotion of Imports from Developing Countries(CBI) အဖွဲ့အစည်းရဲ့ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူဒေါ်သက်ဆုလှိုင်က ပြောပါတယ်။

သည်ပရိုဂရမ်အစီအစဉ်မှာ မြန်မာနိုင်ငံမှ အိမ်တွင်းအလှဆင်ထုတ်ကုန်နဲ့ အိမ်တွင်းအထည်အလိပ်လုပ်ငန်းတွေပါဝင်တယ်လို့ သိရပါတယ်။ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ အိမ်တွင်းအလှဆင်၊ အိမ်တွင်းအထည်အလိပ်လုပ်ငန်းများနဲ့ပတ်သက်တဲ့ စီးပွားရေးကဏ္ဍမှာရှိတဲ့လုပ်ငန်းတွေကို လေးနှစ်တာအစီအစဉ်နဲ့ အီးယူ ၂၈ နိုင်ငံကို ပို့ကုန်တင်သွင်းလျက်ရှိတဲ့ လုပ်ငန်းရှင် ဒါမှမဟုတ် ပို့ကုန်တင်သွင်းလိုတဲ့ လုပ်ငန်းတွေအတွက် အီးယူ နိုင်ငံတွေက ဝယ်ယူလိုသူများနဲ့ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်ဖို့ ကူညီပံ့ပိုးထောက်ပံ့ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ သင်ကြားမှုတွေပြုလုပ်ပြီး နှစ်နှစ်တာကာလ ပြီးဆုံးသွားပြီဆိုရင်တော့ ကမ္ဘာ့ဈေးကွက်ဖြစ်တဲ့ ဥရောပ ဈေးကွက်ကို စပြီးတော့ ကမ္ဘာ့အကြီးဆုံးကုန်စည်ပြပွဲတွေကို မြန်မာနိုင်ငံက ပြသသူအနေနဲ့ဝင်နိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ သည်နှစ်နှစ်အတွင်း မှာ သုံးကြိမ်အထိ ပြသဖို့စီစဉ်ထားတယ်လို့သိရပါတယ်။

သည်ပရိုဂရမ်ကို လျှောက်ချင်တယ်ဆိုရင် နယ်သာလန်အစိုးရ အဖွဲ့အစည်းက ဘယ်အဖွဲ့အစည်းကိုဝင်ထားမှလို့ ကန့်သတ်မထားဘဲနဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြန်မာနိုင်ငံသားပိုင်တဲ့လုပ်ငန်းဆိုရင် ဘယ်နေရာကမဆို လျှောက်လို့ရတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူဒေါ်သက်ဆုလှိုင်ဆီကသိရပါတယ်။

**Source:** https://www.kumudranews.com/news-31683?fbclid=IwAR1YnyXjlHsmfwj6zpNmfWbCHsDGROG4uBO81RWAciaxNRvQ0UCKQLRQ_Tw

## မြိတ်တွင် ကွမ်းသီးပင်ဖတ်အသုံးပြု၍ ပန်းကန်နှင့်ခွက်များစတင်ထုတ်လုပ်



ဒေသအခေါ် ဘုတ်ဖတ်ဟုခေါ်သည့် ကွမ်းသီးပင်ဖတ်ကို အသုံးပြု၍ ထုတ်လုပ်ထားသော ပန်းကန်နှင့်ခွက်များ မြိတ်မြို့တွင် စတင်ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ အော်ဒါတွေများလွန်းလို့ တစ်လလောက် ဆိုင်းငံထားတာတွေတောင် ရှိနေကြောင်း ဦးသန်းဇော်ဦးကပြောဆိုသည်။ အော်ဒါမှာယူသူအများစုမှာ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ နေပြည်တော်တို့ဘက်မှဖြစ်ကြပြီး မြိတ်မြို့မှ ခရီးသွားလုပ်ငန်းတချို့၏ ကမ်းလှမ်းမှုလည်းရှိကြောင်းသိရသည်။ ပစ္စည်းအရေအတွက် သောင်းဂဏန်းအထိ မှာယူထားမှုများရှိနေပြီး စက်များတပ်ဆင်ပြီးစီးပါက ဆိုင်းငံ့ထားရသည့်

အော်ဒါမှာပစ္စည်းများအား စတင်ထုတ်လုပ်သွားမည် ဖြစ်သည်။ အဆိုပါပစ္စည်းများကို ထုတ်လုပ်နိုင်ရန်နှင့် စက်များတပ်ဆင်ရန်အတွက် နည်းပညာကို အချိန်တစ်နှစ်ခန့်ယူကာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လေ့လာသင်ယူထားရပြီး လိုအပ်သည့်စက်များကို ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ကြောင်း ဦးသန်းဇော်ဦးကပြောဆိုသည်။

လက်ရှိထုတ်လုပ်နေသည့် ပစ္စည်းခြောက်မျိုးအပြင် အခြားပစ္စည်းများကိုလည်း ထပ်မံထုတ်လုပ်သွားမည် ဖြစ်ပြီး စက်ရုံကို ရန်ကုန်မြို့တွင်အခြေစိုက်ရန် စီစဉ်နေကြောင်းသိရသည်။ ပစ္စည်းထုတ်လုပ်ရန် လိုအပ်သည့်ကုန်ကြမ်း ဖြစ်သည့် ကွမ်းပင်ဘုတ်ဖတ်များကိုလည်း ဦးသန်းဇော်ဦး ဖုန်း-- ၀၉ ၄၅၁၂၉၈၂၁၃ ထံ ဆက်သွယ်ပြီး လာရောက်ရောင်းချနိုင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/119096.html

## နှစ်သစ်ကူးကာလတွင် အိန္ဒိယအဝယ်လျော့၍ မတ်ပဲနှင့် ပဲစင်းငုံဈေးကျ

နှစ်သစ်ကူးကာလနီးလာချိန်တွင် အိန္ဒိယမှအဝယ်လျော့ချခြင်းကြောင့် ယခုသီတင်းပတ် ပြည်တွင်း ပဲဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးကျဆင်းကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ ဒေါ်လာတန်ဖိုးကျဆင်းပြီး အိန္ဒိယဝယ်လိုအားလျော့နည်းခြင်းကြောင့် မတ်ပဲနှင့်ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၅၀,၀၀၀ ခန့်ဈေးကျဆင်းကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးကပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၇၇၀,၀၀၀ ခန့်ဈေးရှိပြီး ပဲစင်းငုံတစ်တန်လျှင် ကျပ် ၇၃၀,၀၀၀ ဈေးဖွင့်ကြောင်း ၎င်းကပြောသည်။ ပြည်တွင်းဈေးက အိန္ဒိယပေါ်မူတည်ပါတယ်။ ဒီတစ်ခါကျတာက ငွေဈေးကျတာလည်းပါကြောင်း ဦးမင်းကိုဦးကပြောသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် တစ်ဒေါ်လာလျှင်ကျပ် ၁,၅၇၀ ခန့်မှ ၁,၅၄၅ ကျပ် ဝန်းကျင်သို့ကျဆင်းခဲ့သည်။ ထိုသို့ ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် ပြည်ပ တင်ပို့နေသည့်ပို့ကုန်များတွင် ကျပ်ငွေနှင့်လဲလှယ်ရာ၌ တန်ဖိုးလျော့နည်းခဲ့သည်။

မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ပဲစင်းငုံအသစ်စတင်ပေါ်ချိန်ဖြစ်ပြီး၊ ယခုနှစ်စိုက်ပျိုးမှုနည်းခြင်းကြောင့် တန်ချိန် ၅၀,၀၀၀ ခန့် သာထွက်ရှိမည်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းကမှန်းဆသည်။ သို့သော် ဆောင်းရာသီ စတင်စိုက်ပျိုးချိန်တွင် ဈေးကောင်းပြီး ရာသီဥတုမှန်ခြင်းကြောင့် မတ်ပဲစိုက်ပျိုးမှု ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းခန့်သာ လျော့နည်း နိုင်သည်ဟုမှန်းဆထားသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1481-beans.html

## အိန္ဒိယနိုင်ငံ၏ အဓိကစားကုန် ကြက်သွန်နီဈေးကျ

အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၃ ဘီလီယံတို့၏ အဓိကအစားအစာတစ်မျိုးဖြစ်သော ကြက်သွန်နီ၊ ခရမ်းချဉ်သီး တို့၏ ဈေးနှုန်းများသည် ၁၉၉၈ ခုနှစ်က မြင့်တက်နေရာမှ ကြက်သွန်နီဈေးနှုန်းများ ဈေးကျဆင်းလာခဲ့ရသည်ဟု အိန္ဒိယကြက်သွန်နီဈေးကွက်သတင်းများအရသိရှိရသည်။ အထူးသဖြင့် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု အမြင့်ဆုံး ရှိသော မဟာရပ်ရှ်ထရာပြည်နယ်တွင် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တို့၏ ပြည်ပပို့ကုန်ဝယ်လိုအား မြင့်တက်လာခဲ့သည်။

ကြက်သွန်နီ စိုက်ခင်းနှစ်ဧကမှာ ၁၅ တန် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ကုန်ကျစရိတ်ဟာ ရူပီ ၈၀၀၀၀ ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ်ပြည်ပဝယ်လိုအားကောင်းတော့ စိုက်ခင်းနှစ်ဧကရဲ့ ၁၅ တန်အထွက်နှုန်းမှာ စရိတ်စကနုတ်ပြီး ရူပီး ၃၀၀၀ အသားတင်အမြတ်ကျန်ကြောင်း ကြက်သွန်နီတောင်သူ မဒူကာနာဂရီက ထုတ်ဖော်ပြောဆိုလိုက်သည်။ အချို့ စိုက်ခင်းများတွင် ဝယ်သူများသည် ကြက်သွန်နုတ်ချိန်အထိပင်မစောင့်ဘဲ ပင်ထောင်လာရောက် ဝယ်ယူကြ သည်ဟုလည်း ဆက်လက်ပြောကြားလိုက်သည်။

အိန္ဒိယကွန်ဂရက်ပါတီကလည်း ပြည်နယ်သုံးခု၌ ကြက်သွန်တောင်သူများအတွက် စိုက်ခင်းအမတော်ကြေးများ ထုတ်ပေးလျက်ရှိသဖြင့် ကြက်သွန်နုတ်ချိန်ရာသီတွင်း ဈေးကျဆင်းနေသဖြင့် ကြက်သွန်ကိုအဓိက အစားအစာအဖြစ် အသုံးပြုနေသော အိန္ဒိယနိုင်ငံတွင် ပြည်သူအများ မီးဖိုချောင်စရိတ်သက်သာချောင်ချိနေသည်။ အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီဈေးကွက် Lasalgaon တွင် ကြက်သွန်နီတစ်ကီလိုဂရမ်လျှင် နှစ်ရူပီးဖြင့် တောင်သူများက ရောင်းချ

ပေးနေပြီဖြစ်သည်။ အခွံချွတ်ပြီး ကြက်သွန်နီဥကြီးဈေးမှာ တစ်ကီလိုဂရမ်လျှင် ၂၀ ရူပီးဖြစ်၍ စိုက်ခင်းမှ ပြည်ပပို့ကုန်အဆင့်တိုင်းတွင် ကြက်သွန်နီရောင်းဝယ်မှုမှ အမြတ်အစွန်းများစွာကျန်နေသည်ဟုသိရှိရသည်။
အိန္ဒိယနိုင်ငံတွင် ထိုသို့ကြက်သွန်နီနှင့် ခရမ်းချဉ်သီးဈေးနှုန်းများကျဆင်းနေသောကြောင့် ဝန်ကြီးချုပ်မိုဒီဝင်ရောက်အရွေးခံမည့် ရွေးကောက်ပွဲအတွင်း လူကြိုက်များထောက်ခံမှုများရရှိကာ မိုဒီ၏ပါတီပင်ရွေးကောက်ပွဲ၌အနိုင်ရရှိနိုင်ဖွယ်ရှိနေသည်ဟု အိန္ဒိယရွေးကောက်ပွဲခန့်မှန်းသူများက ခန့်မှန်းပြောဆိုထားကြသည်။
**Source:** https://www.yangonmedia.com/economy/item/10651

## မောင်တောနယ်စပ် ကုန်သွယ်ရေး ဇန်နဝါရီ ၁ ရက် ပြန်လည်စတင်မည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကာလအတွင်း အလုပ်သမားမရှိ၍ မောင်တောနယ်စပ်မှ တင်ပို့မည့် ပို့ကုန်များကို လေးရက်ခန့် ဆိုင်းငံ့ထားရကာ ၂၀၁၉ ဇန်နဝါရီ ၁ ရက်တွင် ပြန်လည် တင်ပို့မည်ဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သည်များအသင်း အတွင်းရေးမှူး ဦးသိန်းမောင်က ပြောသည်။
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြုလုပ်ပြီး ယင်းနိုင်ငံရှိ အလုပ်သမားများသည် ဆန္ဒမဲထည့်ရန် ၎င်းတို့ဒေသများသို့ပြန်သဖြင့် အလုပ်သမားမရှိကြောင်း ၎င်းကဆိုသည်။ လုပ်ငန်းများကို လေးရက်လောက် ရပ်ထားရပြီး အဓိကအားဖြင့် အလုပ်သမားတွေမရှိတဲ့အတွက်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁ ရက်ကစပြီး ပြန်ပို့တော့မှာဖြစ်ကြောင်း ဦးသိန်းမောင်ကပြောကြားသည်။ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုအခါ ငါးခြောက်မျိုးစုံ၊ ချင်းနှင့် ငါးမြစ်ချင်းအများဆုံးတင်ပို့ပြီး ဆန်တင်ပို့မှု ဈေးမကိုက်သဖြင့် ရပ်ဆိုင်းထားကြောင်း ကုန်သွယ်သူတစ်ဦးကပြောသည်။ လက်ရှိကုန်သွယ်မှုအခြေ အနေသည် ပုံမှန်အနေအထားသာရှိပြီး တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားပေါ်မူတည်၍ ကုန်ပစ္စည်းများ တင်ပို့နေကြောင်း နယ်စပ်ကုန်သွယ်ရေးခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။
**Source:** http://www.7daydaily.com/story/146223

## ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ကနေ ဆန်တင်သွင်း ဂယ်ယူဖို့ တရုတ်စီစဉ်

အမေရိကန်ကနေ ဆန်တင်သွင်းခွင့်အတွက် ပထမဆုံးအကြိမ် အဖြစ် တရုတ်ကခွင့်ပြုဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပါတယ်။ ဒါဟာနှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆွေးနွေးမှုတွေမတိုင်ခင် တရုတ်ဘက်ကပျော့ပြောင်းတဲ့ သဘောထားတစ်ရပ်ကို ထုတ်ပြန်လိုက်ခြင်းလည်းဖြစ်တယ်လို့ အကဲဖြတ်လေ့လာသူတွေက ပြောပါတယ်။
ယင်းကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံကြီး နှစ်ခုကတော့ ပြီးခဲ့တဲ့ကာလတွေအတွင်း ကုန်သွယ်ရေးတင်းမာမှုနဲ့အတူ အပြန်အလှန်အခွန်အကောက်တွေပြဋ္ဌာန်းကောက်ခံရင်းနဲ့ အခြေအနေဆိုးရွားနေခဲ့တာဖြစ်ပါတယ်။
ယခုအချိန်မှာ လာမယ့်ဇန်နဂါရီလမှာ နှစ်ဘက်အကြား ညှိနှိုင်းဆွေးနွေးမှုတွေလုပ်သွားဖို့ရှိနေချိန် ယခုလိုမျိုးနှစ်လိုဖွယ် လမ်းဖွင့်မှုတစ်ခုကိုတရုတ်တို့ဘက်က ထုတ်ဖော်လာတာဖြစ်စပါတယ်။ လက်ရှိအချိန်ထိတော့ တရုတ်တို့အနေနဲ့ အမေရိကန်ဆီက ဆန်ဘယ်လောက်ပမာဏဂယ်ယူသွားမယ်ဆိုတာကတော့ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။ ဒီဇင်ဘာ ၂၇ ရက်ကနေစပြီး အမေရိကန်ဆီကနေ တင်သွင်းလာမယ့် ဆန်လုံးညို၊ဆန်ဖြူနဲ့ ဆန်ကွဲတို့ တင်သွင်းခွင့်ကို တရုတ်တို့ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။
**Source:** https://www.channelnewsasia.com/…/china-allows-first-ever-u…

## သစ်သီးကားတွေ ပိတ်ဆို့မှုကြောင့် ကန်ဒေါ်လာ ၁ သန်းခွဲကျော် ဆုံးရှုံးမှုရှိ

တရုတ်နိုင်ငံဘက်ကို တင်ပို့မယ့် ဖရဲနဲ့သခွားမွှေး သစ်သီးကားတွေ မူဆယ်မြို့မှာ ပိတ်ဆို့နေတာကြောင့် မနေ့ကအထိ အမေရိကန် ဒေါ်လာ ၁.၅ သန်းဂန်းကျင်လောက် ဆုံးရှုံးသွားကြောင်း ၁၀၅ မိုင်မှာရှိတဲ့ အရှေ့မြောက်တံခါးအများပိုင်ကုမ္ပဏီကပြောပါတယ်။





မနေ့က သစ်သီးကားအစီးရေ ၇၇၀ ကျော် တရုတ်ဘက်ကို ရောင်းချလိုက်ပေမယ့် ဒီနေ့မနက်ပိုင်းအထိ အစီး ၇၀ ကျော်ပဲ ပစ္စည်းဝင်ချပေးနိုင်သေးတာကြောင့် နောက်ထပ်ဆုံးရှုံးမှုတွေ ရှိဦးမှာဖြစ်ကြောင်း ၁၀၅ မိုင် အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်မိုးက ပြောပါတယ်။

ဒါပေမဲ့ တကယ်ပစ္စည်းချတဲ့အချိန်မှာ ကောင်းတဲ့အသီးတွေကိုသာ တန်ချိန်တွက်ပြီး ငွေရှင်းတာဖြစ်တဲ့ အတွက် စောင့်ဆိုင်းရတဲ့ရက်ကြာသွားလို့ အသီးတွေမကောင်းတော့ရင် ကုန်သည်တွေမှာ ထပ်မံနစ်နာ ဆုံးရှုံးမှုတွေရှိလာမှာဖြစ်ပါတယ်။

အရင်က သစ်သီးကားတွေ တရုတ်ပြည်ဘက်ကို တင်ပို့ဖို့အသုံးပြုနေတဲ့ ကျင်ဆန်းကျော့ဂိတ်ပေါက်ကို မြန်မာဘက်ကပိတ်လိုက်တာကြောင့် ပုံမှန်ကုန်သွယ်နေကျမဟုတ်တဲ့ ကြူကုတ်-ပန်ဆိုင်းလမ်းကနေသာ သစ်သီးကားတွေ သွားလာနေရတယ်လို့သိရပါတယ်။ ကြူကုတ်-ပန်ဆိုင်းလမ်းဟာကျဉ်းပြီး လမ်းလည်း မကောင်းတဲ့အပြင် နစ်နိုင်ငံဖြတ်တဲ့ မုန်ဦးကိုလည်း အကြီးစားပြင်ဆင်မှုတွေလုပ်နေတာကြောင့် သွားလာရာမှာ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်နေတာလို့လည်း ဦးအောင်ကျော်မိုးကပြောပါတယ်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းစတဲ့ မြန်မာနိုင်ငံဒေသ အသီးသီးကနေထွက်ရှိတဲ့ ဖရဲနဲ့သခွားမွှေးတွေကို ကုန်သည်တွေက တရုတ်နယ်စပ်မှာ လာရောက်ရောင်းချကြတာလည်းဖြစ်ပါတယ်။

**Source:** https://www.rfa.org/.../company-lost-money-as-army-closed-chi...

## ဂတ်စ်အသုံးပြုဖို့ နည်းပညာရှိပေမယ့် ထင်းကိုသာအသုံးပြုနေရတဲ့ စစ်ကိုင်းက စဉ့်ထည်လုပ်ငန်း

စဉ့်ထည်လုပ်ငန်းမှာ ဂတ်စ်အသုံးပြုပြီး အိုးဖုတ်သည့်နည်းပညာကို သိရှိနားလည်ကြသော်လည်း ထင်းကိုသာ အသုံးပြုနေရဆဲဟု စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက စဉ့်ထည်လုပ်ငန်းလုပ်ကိုင်သူများကပြောသည်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်အတွင်း စဉ့်ထည် လုပ်ငန်းလုပ်ကိုင်သူများအား နယ်သာလန်နိုင်ငံ အိုးလုပ်ငန်းပညာရှင်များက ဂတ်စ်အသုံးပြုပြီး အိုးဖုတ်သည့် နည်းပညာများကိုမျှဝေခဲ့သည်။ သို့ရာတွင် ၎င်းတို့အနေဖြင့် လက်ရှိအချိန်ထိ ထင်းကိုသာအဓိကထားပြီး အသုံးပြုနေရခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း အိုးဖုတ်သည့်ဖိုများမှာ အခြားနိုင်ငံများတွင် အသုံးပြုသည့်ဖိုများထက် ကြီးမား နေသောကြောင့် လုံလောက်သည့် ဂတ်စ်ကိုဝယ်ယူပြီး လုပ်ကိုင်ရန်မှာ အခက်အခဲများရှိနေ၍ ထိုနည်းပညာအား အပြည့်အဝအသုံးချဖို့ မလွယ်ကူဟု ၎င်းဒေသရှိ စဉ့်ထည်လုပ်ငန်းလုပ်ကိုင် သူများက ဆိုသည်။



ဂတ်စ်အသုံးပြီး အိုးဖုတ်သည့်နေရာတွင် အိုးအရည်အသွေး ပိုကောင်းသည်ဟုဆိုသော လုပ်ငန်းရှင်များ ရှိနေသလို ထင်းနှင့်ဖုတ်သည့်အိုးက အရည်အသွေး ပိုကောင်းသည်ဟုဆိုသူများလည်းရှိနေသည်။

ထင်းနဲ့ဖုတ်တာပိုကောင်းကြောင်း၊ ဂတ်စ်နဲ့ကျတော့ တော်တော်ကို လူအင်အားလည်းများမှရကြောင်း၊ ထင်းနဲ့ဖုတ်တာကျတော့ ၆ ယောက် ဖုတ်ရင် ၆ ယောက်ဖုတ်တာရတယ်။ ဂတ်စ်ကျတော့

ထည့်လိုက်ရသွင်းလိုက်ရနဲ့ လူအင်အားမနိုင်ကြောင်း၊ ဂဝ်စ်က ပိုကုန်ကျစရိတ်များကြောင်း မဖင်မာလွင်က ထပ်လောင်းပြောသည်။
မဖင်မာလွင်အပါအဝင် ၎င်းတို့ဒေသမှထုတ်လုပ်သည့် စဥ့်ထည်ပစ္စည်းများသည် တစ်နိုင်ငံလုံးကို ဖြန့်ချိနေခြင်းဖြစ်ပြီး ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှဆိုလျှင် ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်၊ ရွှေဂွန်၊ နွယ်ငြိမ်း၊ မလား၊ ရွှေတိုက်၊ မခေါက်စသော ကျေးရွာများမှထွက်ရှိသော လက်ရာများမှာ လူကြိုက်များလှသည်။ လက်ရှိတွင် ထိုဒေသအနေဖြင့် အိုးဖုတ်ရာတွင် ဂဝ်စ်အသုံးပြုနည်းပညာကို သိရှိသော်လည်း ထင်းလောင်စာကို ဆက်လက်သုံးစွဲနေရဆဲဖြစ်ကာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ စစ်ကိုင်းတိုင်းသည် ထင်းသုံးစွဲမှုအများဆုံး ဒေသတစ်ခုဟုသိရှိရသည်။
**Source:** http://www.mizzimaburmese.com/article/53596

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်လအတွင်း ကန်ဒေါ်လာ သန်း ၄၅၀ ကျော်ရှိ

ယခု ၂၀၁၈-၁၉ ဘဏ္ဍာနှစ်၏ နှစ်လတာ (အောက်တိုဘာလမှ နိုဝင်ဘာလ ကုန်အထိ) ကာလအတွင်း မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာသန်း ၄၅၀ ကျော် အထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများထဲတွင် ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၁ သန်းကျော်ရှိကြောင်း၊ ဒုတိယအများဆုံးကဏ္ဍမှာ စက်မှုကုန်ထုတ်ကဏ္ဍဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရှိကာ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၄၆၅ ဒသမ ၉ သန်းရှိကြောင်း ယင်းဌာန၏ စာရင်းများအရသိရသည်။
ယင်းနှစ်လတာကာလအတွင်း၌ စက်မှုကုန်ထုတ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၀ ခု၊ စိုက်ပျိုးရေး ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃ ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃ ခု၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁ ခုစီနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်းများတွင် ၆ ခု အထိရှိပြီး စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၄ ခု ရှိကြောင်း ယင်းဌာနထံမှသိရသည်။
တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးစင်္ကြံတည်ဆောက်ရေး စီမံကိန်းများအတွက် သဘောတူ လက်မှတ်ရေးထိုးထားပြီးဖြစ်ခြင်းကြောင့် ယင်းစီမံကိန်းမှ မြန်မာနိုင်ငံသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အများအပြား ဝင်ရောက်လာနိုင်မှုရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက မျှော်မှန်းထားသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (ဘဏ္ဍာနှစ်သစ်မစမီ ကြားကာလခြောက်လ) တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အနေနှင့် အမေရိကန်ဒေါ်လာ ၁၇၆၄ ဒသမ ၇၀၁ သန်းဝင်ရောက်ခဲ့ပြီး စက်မှုကုန်ထုတ်ကဏ္ဍတွင် အမေရိကန် ဒေါ်လာသန်း ၇၀၀ ကျော်ဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားသည်။
**Source:** http://thevoicemyanmar.com/news/30176-dlr

## သာစည်၌ ကြက်သွန်နီ(မြိတ်စား)ဈေး ယခင်နှစ်ထက် ထက်ဝက်ခန့်ကျဆင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကြက်သွန်နီ (မြိတ်စား) ဈေးမှာ ယခင်နှစ်ထက် ထက်ဝက်ကျဆင်း နေကြောင်း တမာကုန်းကျေးရွာမှ ကြက်သွန် (မြိတ်စား) စိုက်ပျိုးသူ ဦးစိန်ထွန်းကပြောဆိုသည်။ မိုးရာသီအကုန် နှမ်းတွေရိတ်သိမ်းပြီးတာနဲ့ ထွန်ရေးပြင်ပြီး ကြက်သွန်နီ (မြိတ်စား) စိုက်ပျိုးကြကြောင်း၊ စိုက်ပြီးရင် မြေဩဇာလိုက် ထည့်ကြောင်း၊ စိုက်ခင်းထဲကို ရေက သူ့သတ်မှတ်ရက်အတိုင်း ငါးကြိမ်၊ ခြောက်ကြိမ်ခန့်သွင်းရကြောင်း၊ စတင် စိုက်တဲ့အချိန်ကနေ နုတ်တဲ့အချိန်အထိ သုံးလလောက်စိုက်ပျိုးရကြောင်း၊ အခုနုတ်တဲ့ ကြက်သွန်က တန်ရူး၊ ကဆုန် မှာ နုတ်တဲ့ကြက်သွန်တွေထဲက ကြက်သွန်ဥအသေးတွေကိုဖယ်ထားပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ ပြန်စိုက် တဲ့ (မြိတ်စား) ကြက်သွန်တွေဖြစ်ကြောင်း၊ မနှစ်က တစ်ပိဿာကို ကျပ် ၁၄၀၀ အထိရပြီး၊ အခုနှစ်တော့ တစ်ပိဿာ ကျပ် ၆၅၀ သာရတော့လို့ အဆင်မပြေမှုနဲ့ကြုံတွေ့နေရကြောင်း ၎င်းကပြောဆိုသည်။
တမာကုန်းကျေးရွာအုပ်စုတွင် မြိတ်စားကြက်သွန်များကို ဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ မြိတ်စား ကြက်သွန်များကို စနုတ်ပြီဆိုသည်နှင့် ပွဲစားများက ကျေးရွာအထိဆင်း၍ လာရောက်ဝယ်ယူကြကြောင်းသိရသည်။
**Source:** https://myanmar.mmtimes.com/news/119124.html

# STOCK EXCHANGE (2.1.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 2nd Jan. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 677 | 6,770,000 | 27,112,747 | 271,127 |
| MTSH | 00002 | 2,950 | +0 | +0.00% | 3,000 | 3,000 | 2,950 | 2,408 | 7,159,800 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,400 | 7,400 | 7,300 | 268 | 1,957,400 | 10,400,986 | 75,927 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 100 | 2,300,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,800 | 2,800 | 2,800 | 105 | 294,000 | 12,212,906 | 34,196 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.02 | -1.21 | -0.30% | 407.66 | 407.66 | 405.02 | 3,558 | 18,481,200 | 5 | 552,948 |


### Index chart




# Market Overview

As of 1:00 pm, 2nd Jan. 2019

| MYANPIX | 405.02 ▼1.21 |
|---|---|
| Total Volume (shares) | 3,558 |
| Total Value (MMK) | 18 mil |
| Listed Company | 5 |
| Market Cap. (MMK) | 552,948 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 2,950 | ▲0 |
| MCB | 00003 | 7,300 | ▼100 |
| FPB | 00004 | 23,000 | ▲0 |
| TMH | 00005 | 2,800 | ▼50 |